Myanmar
RESOURCE WATCH

မြေရှားလုပ်ကွက်ဂ ဖြစ်ပေါ်လာမယ့်အကျိုးဆက်ကို
အမှန်တကယ် တာဝန်ယူဝတ္တရားများ





တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) က မန်တုံမြို့နယ် ရေပုံးမန့်လုံကျေးရွာအနီးမှာ လုပ်ကိုင်နေကြတဲ့ မြေရှားသတ္တုတူးဖော်ရေးလုပ်ငန်းကြောင့် ဖြစ်ပေါ်လာမယ့် ထိခိုက်မှုအားလုံးကို တာဝန်ယူမယ်လို့ ဒေသခံတွေကို ပြောကြားခဲ့ပါတယ်။

အဲဒီမြေရှားသတ္တုတူးဖော်ရေးလုပ်ကွက်တွေဟာ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မန်တုံမြို့နယ် ရေပုံးမန်လုံ ကျေးရွာအနီး မဒုတ်ချောင်း (ဒဂါ) နမ့်လောင်ချောင်းဖျားမှာ လုပ်ကိုင်နေကြတာပဲဖြစ်ပါတယ်။

ဒီလိုလုပ်ကိုင်နေတဲ့အပေါ် ဒေသခံတွေက သဘာဝပတ်ဝန်းကျင်နဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ ထိခိုက်ပျက်စီးလာမှာကို စိုးရိမ်တကြောင့် မြေရှားတူးဖော်နေတာကို ရပ်တန့်ပေးဖို့ TNLA ဗဟိုကော်မတီ အဆင့်အထိ ကန့်ကွက်စာ တင်ပြခဲ့တယ်။




ဒေသခံတွေ ကန့်ကွက်စာတင်ပြီး လေးလခန့်အကြာ မြေလုတ်လ ၁၄ ရက်မှာ မြေရှားသတ္တုတူးဖော်ရေးလုပ်ငန်းတွေကို အဓိကတာဝန်ယူထားတဲ့ TNLA ဗဟိုကော်မတီအဆင့် တာဝန်ခံအဖွဲ့က မဒုတ်ချောင်း တစ်လျှောက်မှာရှိတဲ့ ကျေးရွာတွေဆီ လာရောက်ပြီး ကန့်ကွက်သူတွေကို စစ်ဆေးတွေ့ဆုံခဲ့ကြတယ်လို့ သိရပါတယ်။

ဒေသခံတွေဘက်က ရေအရင်းအမြစ်ရှိတဲ့ မဒုတ်ချောင်းဖျားမှာမလုပ်ဘဲ တခြားနေရာမှာ ပြောင်းရွှေ့လုပ်ကိုင်ဖို့ စတောင်းဆိုခဲ့ကြပေမယ့် TNLA ဘက်ကတော့ မြေရှားတူးဖော်ရေးလုပ်ငန်းတွေကို ရုတ်သိမ်းလို့မရတော့ဘဲ ဗဟိုစီမံကိန်းဖြစ်တာနဲ့ အရင်းအနှီးအများအပြား ထည့်ဝင်ထားပြီးဖြစ်တာကြောင့် ဆက်လုပ် သွားမယ်ဆိုပြီး ပြောဆိုခဲ့တယ်လို့ ဒေသခံတွေက ပြောပြပါတယ်။

ဒါ့အပြင် မြေရှားသတ္တုတူးဖော်ရေးလုပ်ငန်းကြောင့် ဒေသခံတွေအပေါ် ထိခိုက်လာနိုင်တဲ့ အကျိုးဆက်အားလုံးကို တာဝန်ယူမယ်ဆိုပြီး TNLA က ကတိပေးပြောကြားခဲ့တယ်လို့ သိရပါတယ်။

TNLA ဘက်က နွှတ်နဲ့ ကတိပေးပြောဆိုတာထက် တာဝန်ယူ၊ တာဝန်ခံမှု ဘဝတွေရှိတယ်ဆိုတာကို ပဟိုအဆင့် စာရွက်စာတမ်းတွေနဲ့ အာမခံပေးဖို့ ဒေသခံတွေက ထပ်မံတောင်းဆိုထားပါသေးတယ်။



ဒေသခံတွေ ကန့်ကွက်ထားလျှေပေမယ့် လက်ရှိအခြေအနေမှာတော့ မခုတ်ချောင်းဖျားမှာရှိတဲ့ မြေရှားတူးဖော်ရေးလုပ်ကွက်ဟာ တောင်ဖက်တာ၊ ပိုက်သွယ်တန်းတာတွေအပါအဝင် လုပ်ငန်းအများစု ပြီးစီးနေလာ မြေရှားသတ္တုစတင်ထုတ်ယူဖို့ အဆင်သင့်ဖြစ်နေပါပြီ။

မခုတ်ချောင်းဖျားနားမှာရှိတဲ့ ဒေသခံတွေဟာ မြေရှားတူးဖော်ရေးလုပ်ကွက် မရောက်ခင်က ချောင်းထဲက ငါးတွေကို ဖမ်းဆီးလာ အသက်မွေးဝမ်းကျောင်းပြုခဲ့လျှေပေမယ့် အခုနောက်ပိုင်းမှာတော့ ငါးသယ်ရာတွေ ရောဂါဖြစ်ပြီးသေဆုံးတာ၊ ငါးရဲ့ကိုယ်မှာ အနာဖြစ်တာနဲ့ ဓနွာကိုယ်အစိတ်အပိုင်း မပြည့်မစုံဖြစ်နေတာတွေ တွေ့လာရတယ်ဆိုပြီး ဒေသခံတွေက ဆိုပါတယ်။

> “အရင်တုန်းက ငါးတွေ ပေါပေါများများ ဖမ်းနိုင်တယ်။ ရလည်း ရတယ်။ အခု မြေရှားတူးလာတော့ ချောင်းထဲက ရေကို သုံးလဲမသုံးရဲတော့ဘူး။ ငါးတွေလည်း ဖမ်းပြီးစားဖို့သောက်ဖို့တောင် မလုပ်ရဲတော့ဘူး” လို့ ရေပုံးမန်လုံကျေးရွာမှ ဒေသခံတစ်ဦးက ပြောပါတယ်။





လက်ရှိမှာတော့ မခုတ်ချောင်းဟူးနားက မြေရှား တူးဖော်ရေးလုပ်ကွက်မှာ ရေလျှောင်ကန်ကြီးတွေ (၁၀) ခု ထက်မနည်း တူးဖော်ထာ အလောင်အထည်ဖော် ဆောင်ရွက်နေတာကြောင့် ချောင်းရေညစ်ညမ်းလာပြီး ဒေသခံတွေဟာ ရေချိုးတာနဲ့ သုံးရေအဖြစ် အသုံးပြုတာတွေ မလုပ်နိုင်တော့ဘူးဆိုပြီး ပြောပြလာပါ တယ်။

နောက်ပြီး ဒေသခံတချို့မှာ မခုတ်ချောင်းရေကို အသုံးပြုပြီးနောက် ခန္ဓာကိုယ်ယားယံတာနဲ့ အနာတွေ ဖြစ်လာတာကို ကြုံတွေ့ခံစားနေရပါတယ်။

မန္တပိန်း၊ တံဟန်းခမ်းနဲ့ လွယ်ယားကျေးရွာတွေမှာရှိတဲ့ စာသင်ကျောင်းတွေဟာ အဲဒီချောင်းနံဘေးမှာ ရှိ နေတာကြောင့် မြေရှားတူးဖော်ရေးက ရိုက်ခတ်လာမယ့် ဘေးအန္တရာယ်ကိုလည်း စိုးရိမ်နေကြသလို ဗိရိုးဟလာအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်တဲ့ ခိုက်ပျိုးရေး၊ မွေးမြူရေးတွေလည်း ထိခိုက်လာမှာကို စိုးရိမ်ထိတ်လန့်နေကြရပါတယ်။



မန္တတံတိုနယ်ထဲမှာတော့ TNLA ပူးပေါင်းပါဝင်လုပ်ကိုင်နေတဲ့ မြေရှားတူးဖော်ရေးလုပ်ကွက် လေးခုရှိပြီး မခုတ်ချောင်းဟူးက လုပ်ကွက်တစ်ခုလည်း အပါအဝင်ဖြစ်ပါတယ်။ တချို့ဒေသခံတွေမှာတော့ တဒဂင်း ဒေသခံအများစုရဲ့ ထောက်ခံမှုကို ရယူပြီး TNLA က မြေရှားသတ္တုတူးဖော်နေကြတယ်လို့ ဒေသခံတွေက ပြောပြပါတယ်။

မန္တတံတိုနယ်ကို TNLA ထိန်းချုပ်ပြီး ၂၀၂၅ ခုနှစ် နောက်ပိုင်းမှာတော့ ကြိုတင်ခွင့်ပြုချက်မရှိဘဲ မြေရှား သတ္တုတူးဖော်ရေးလုပ်ကွက်တွေ ဆက်တိုက်ပေါ်လာတာ ၂၀၂၆ ခုနှစ်အတွင်း တူးဖော်ရေးလုပ်ငန်းတွေ ပိုမိုကျယ်ပြန့်လာခဲ့ပါတယ်။

မြေရှားတူးဖော်ရေးလုပ်ကွက်တွေဆီ သွားရောက်တဲ့ လမ်းတွေကို တင်းကျပ်စွာ ပိတ်ဆို့ထားပြီး TNLA က လုံခြုံရေး တပ်ဖွဲ့တွေနဲ့ အကာအကွယ်ပေးထားတာကြောင့် အပြင်လူတွေ သွားလာဖို့ အခက်အခဲ ရှိနေကြပါတယ်။





မြေရှားတူးဖော်ရေးမှာ အသုံးပြုတဲ့ အက်ဆစ်နဲ့ ဓာတုဆေးရည်တွေကြောင့် မခုတ်ချောင်းမှတစ်ဆင့် ကျေးရွာထဲရှိ စိုက်ပျိုးလယ်ယာမြေနဲ့ သောက်သုံးရေကန်တွေထဲ ဝင်ရောက်လာမှာ ဒေသခံတွေက စိုးရိမ်နေကြရပါပြီ။ ဒါ့အပြင် မြေရှားသတ္တုကြောတွေရှိတဲ့ ဘိုးဘွားပိုင် လယ်ယာမြေနဲ့ တောင်ယာမြေတွေကို လုပ်ငန်းရှင်တွေက ရော့်ကြေးမပေးဘဲ တူးဖော်မှုတွေ ပြုလုပ်နေကြပါတယ်။

ဒီလိုသတ္တုတူးဖော်ရေးလုပ်ကွက်တွေဟာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)သာမက ရှမ်းပြည်နယ်(မြောက်ပိုင်း) မန်တံမြို့နယ်အပြင် နမ့်ခမ်းမြို့နယ်မှာလည်း TNLA ၊ ကိုးကန့်တပ်ဖွဲ့ (MNDAA)နဲ့ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) တို့က တရုတ်ကုမ္ပဏီတွေနဲ့ ပူးပေါင်းက မြေရှားသတ္တုတူးဖော်ရေး လုပ်ငန်းကို စမ်းသပ်တူးဖော်တာတွေ လုပ်ကိုင်နေကြပါတယ်။